# Highlights from DVB Debate's Challenges before 2015 Election Show

## June 12, 2015

## "What are the key challenges before 2015 election?"

"၂၀၀၈ ဖွဲ့စည်းပုံ အုပ်ချုပ်ပုံအောက်မှာ ၂၀၁၅ ရွေးကောက်ပွဲကို ဒီတိုင်းဆက်ကျင်းပမယ်ဆိုရင် စိန်ခေါ်မှုတွေ အများကြီးဖြစ်လာနိုင်တယ်။ Free ဖြစ်ဖို့ ခင်ဗျားတို့ ကြိုးစားချင်ကြိုးစားမယ် ဒါပေမယ့် fair မဖြစ်ဘူး justice မရှိဘူး။"

ဦးချစ်ဆောင်ဦး - သခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်

---

"ဒီမိုကရေစီနိုင်ငံသွားတဲ့အခါ ရွေးကောက်ပွဲဟာ ပထမဆုံးလှေကားထစ် ဒါကို ပြည်သူတိုင်း၊ နိုင်ငံရေးပါတီတိုင်း၊ အစိုးရတိုင်း၊ ဂန်ထမ်းတိုင်းနားလည်ရမယ် အဲဒီ လှေကားထစ်မှမတက်ရင် ဒီမိုကရေစီ ဒီမိုကရေစီ ဘယ်လောက်ပြောပြော ပထမလှေကားထစ်မှာတင် ပက်လက်လှန်ကျမှာ"

ဦးသာထူး - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ခရိုင်ဥက္ကဋ္ဌ

"ရွေးကောက်ပွဲသပ်သပ် အာဏာပိုင်စနစ်ကျင်းပနေတယ်.. ရွေးကောက်ပွဲကို ပုံမှန်တော့ ကျင်းပနေတယ်၊ စိန်ခေါ်မှုတွေကိုတော့ ဘာမှဖြေရှင်းမှာမဟုတ်ဘူး။ ရွေးကောက်ပွဲဟာ လှေကားထစ်တွေမှန်တယ် ဒါပေမယ့် ဒီမိုကရေစီစံချိန်စံညွှန်းတွေမပါဘူး. အနှစ်သာရမပါတဲ့ လှေကားထစ်တွေဖြစ်နေတယ်။"

ဦးဇော်ထွန်း - လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့

---

"၂၀၁၅ ရွေးကောက်ပွဲနီးလာပြီ။ ဥပဒေ၊ နည်းဥပဒေတွေ၊ မဲစာရင်းကိစ္စတွေ ရုံးလုပ်ငန်းတွေ၊ အမှုတွဲတွေလုပ်ရမှာတွေအများကြီး။ လုပ်ဆောင်ရမယ့် အစိုးရယန္တရားလဲ မကျွမ်းကျင်သေးဘူး၊ တာဝန်ယူရမယ့် ကော်မရှင်လည်း မကျွမ်းသေးဘူး၊ ပါဝင်ကြတော့မယ့် နိုင်ငံရေးပါတီတွေလည်း မကျွမ်းကျင်သေးဘူး။ သို့သော်လက်ရှိဖြစ်နေတာက အရပ်ဖက်အဖွဲ့တွေက ကြိုးစားနေလို့ ပြည်သူက အသင့်အတင့် နားလည်နေတယ်။ ပြောရရင် ငါးပိသည်က အိပ်ပြီး ဆားသည်က ယင်မောင်းနေရတဲ့ ကိစ္စက မြန်မာ့သမိုင်းမှာ အတော်ကြာပြီ။"

ဦးသာထူး - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ခရိုင် ဥက္ကဋ္ဌ

---

"မဲဆန္ဒရှင်က မဲစာရင်းထဲမပါလို့ လာပြောရင် ကော်မရှင်က ရွေးကောက်ပွဲနည်းဥပဒေတွေအရ.. ဘယ်ပုဒ်မ ဘယ်ပုဒ်မတွေအရ ဘယ်လိုဖြည့်လို့ရတယ် ဘယ်လိုလုပ်လို့ရတယ်ဆိုတာတွေ ရှင်းပြနိုင်စွမ်းမရှိသေးဘူး။ ဒါဟာ ရွေးကောက်ပွဲကော်မရှင်အဆင့်အဆင့်ရဲ့ ဥပဒေပိုင်းဆိုင်ရာ အားနည်းမှုတွေဖြစ်တယ်"

ဒေါ်ဖြူဖြူဇင်း - တရားလွှတ်တော်ရှေ့နေ၊ နိုင်ငံသားနှင့်နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှုအဖွဲ့

---

"၁၉၉၀ ရွေးကောက်ပွဲတုန်းက အခင်းအကျင်းနဲ့ ၂၀၀၈ပေါ် အခြေခံကျင်းပမယ့် ၂၀၁၅ရွေးကောက်ပွဲ အခင်းအကျင်းကမတူဘူးဗျ။ ၉၀ ရွေးကောက်ပွဲတုန်းက အန်အယ်လ်ဒီဟာ ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံပြင်ပြီးတဲ့အောက်မှာ ရွေးကောက်ပွဲဝင်တာ ဖြစ်တယ်ဗျ။ ၂၀၀၈ ဖွဲ့စည်းပုံကို ကြည့် အဓိက အတားအဆီးက ပုဒ်မ ၆(စ)၊ နိုင်ငံရေးဦးဆောင်မှုကဏ္ဍကို စစ်တပ်က ယူထားရမယ်လို့ ပြဌာန်းထားတယ်။ ဒါဟာ ပြည်သူလူထုအများစု ဆန္ဒနဲ့ မကိုက်ဘူးလို့ထင်တယ်ဗျ"

ဦးချစ်ဆောင်ဦး - သခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်

---

"လက်ရှိအခင်းအကျင်းမှာ ကောင်းတာတွေလဲရှိတယ်၊ ဆိုးတာတွေလဲရှိတယ်။ ကျနော်တို့က အကောင်းဆုံးကို အမြဲဦးတည်သွားနေမှာပဲ။ ၂၀၁၅ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး စိုးရိမ်နေတာတွေရှိတယ်။ ဒါတွေက စိန်ခေါ်မှုပဲ။ ကျနော်တို့နိုင်ငံရေးသမိုင်းနဲ့ ဖြစ်လာတဲ့ ၅ နှစ်တာကာလမှာ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျနော်တို့လည်း လက်ညှိုးထောင် ခေါင်းငြိမ့်ထဲမှာမပါတာတော့ အမှန်ပဲ။"

ဦးအောင်ချိုဦး - အမျိုးသားလွှတ်တော်အမတ်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)

---